# ကိုယ်စီတန်ဖိုး

သံလွင်မြင့်

ကာတွန်း သရုပ်ဖော် – သီဟ(စခန်းသစ်)



# ကိုယ်စီတန်ဖိုး

သံလွင်မြင့်

ကာတွန်းသရုပ်ဖော် – သီဟ(စခန်းသစ်)


တတိယအကြိမ် ပုံပြင်များစာစဉ်

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ(ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။




ကလေးတို့ရေ တို့ကျောင်းက စာသင်ခန်းလေးဟာ
သိပ်ပျော်စရာကောင်းတဲ့ နေရာလေးပေါ့ကွယ်။

စာသင်ခန်းထဲမှာ အမြဲနေကြတဲ့ သူငယ်ချင်း
ငါးယောက်ရှိပါသတဲ့။
သူတို့ကတော့ ဆရာမရဲ့
ကျောက်သင်ပုန်းလေး၊
ဆရာမစားပွဲပေါ်က ပန်းအိုးလေး၊



ကျောင်းသားတွေ ရေသောက်တဲ့ သောက်ရေအိုးလေး၊
အခန်းသန့်ရှင်းရေးလုပ်တဲ့ တံမြက်စည်းလေးနဲ့
အမှိုက်ပုံးလေး တို့ပဲဖြစ်ပါတယ်။




တစ်ရက်မှာ ပန်းအိုးလေး၊ ရေအိုးနဲ့ ကျောက်သင်ပုန်းလေးတို့က အမှိုက်ပုံးနဲ့ တံမြက်စည်းတို့ကို "ညစ်ပတ်တဲ့သူတွေ၊ မကောင်းတဲ့သူတွေ" လို့ ပြောကြသတဲ့ကွယ်။



အမှိုက်ပုံးလေးနဲ့
တံမြက်စည်းလေးတို့ဟာ
သူတို့သူငယ်ချင်းတွေ
မခေါ်ကြတော့တာမို့
ဝမ်းနည်းနေကြတယ်။



နောက်ဆုံးတော့ အမှိုက်ပုံးလေးနဲ့
တံမြက်စည်းလေးဟာ စာသင်ခန်းထဲက
ထွက်ခွာသွားကြရတယ်။
ကျောက်သင်ပုန်း၊ ရေအိုးနဲ့
ပန်းအိုးလေးတို့ဟာ ညစ်ပတ်တဲ့
သူငယ်ချင်းတွေ မရှိတော့ဘူးဆိုပြီး
ပျော်ကြတာပေါ့ကွယ်။




ဒါပေမယ့် သူတို့အခန်းလေးဟာ
အရင်လို ပျော်စရာမကောင်းတော့ဘူးတဲ့။

သန့်ရှင်းရေး လုပ်နိုင်တဲ့ သူတွေမရှိကြတော့တဲ့အခါ
ညစ်ပတ်ပြီး ကြွက်တွေ၊ ယင်တွေလည်း
ပေါလာတာပေါ့။




ဆရာမက တံမြက်စည်းလေးနဲ့ အမှိုက်ပုံးလေးတို့ကို မတွေ့မိတာမို့ သူတို့အားလုံးကို ခေါ်ပြီးမေးသတဲ့။



ပန်းအိုးလေးက အတန်းထဲက ညစ်ပတ်တဲ့ သူငယ်ချင်းနှစ်ယောက်ကို ထွက်သွားခိုင်းလိုက်တာလို့ ဖြေကြတယ်။


ဆရာမက "အားလုံးဟာ သူ့တာဝန်နဲ့သူ
အရေးကြီးတဲ့သူတွေ ဖြစ်တယ်၊
အားလုံးဟာ တန်ဖိုးရှိကြတယ်"လို့ ရှင်းပြသတဲ့။





နောက်ဆုံးတော့
သူတို့ရဲ့ သူငယ်ချင်းနှစ်ယောက်ကို
သွားတောင်းပန်ကြတယ်။
“စာသင်ခန်းထဲမှာပြန်နေပြီး ပျော်စရာကောင်းတဲ့
နေရာလေးဖြစ်အောင် အတူတူကြိုးစားကြမယ်”
လို့လည်း ကတိပြုကြတယ်။

ကဲ ခုဆိုရင် . . .သူတို့ စာသင်ခန်းလေးဟာ
ပျော်စရာကောင်းတဲ့ နေရာလေး ပြန်ဖြစ်သွားခဲ့ပါပြီ။
အရာရာတိုင်းမှာ တန်ဖိုးကိုယ်စီရှိကြတယ်ဆိုတာ
အားလုံး နားလည်သွားကြပြီပေါ့။



# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ




ဘာကြောင့် တံမြက်စည်းလေးနဲ့
အမှိုက်ပုံးလေးတို့က
မောင်းထုတ်ခံရတာလဲ။

သူတို့မရှိတော့တဲ့အခါ
စာသင်ခန်းလေးက
ပျော်စရာကောင်းသေးရဲ့လား။





နောက်ဆုံး စာသင်ခန်းလေးက
ဘာဖြစ်လို့ ပျော်စရာကောင်းတဲ့
နေရာလေး ပြန်ဖြစ်သွားရတာလဲ။



ကလေးတို့ကရော ကိုယ့်သူငယ်ချင်းတွေထဲက
ကိုယ့်ထက်အားနည်းသူကို အနိုင်ကျင့်ပြီး
မောင်းထုတ်မှာလား။

This publication series is supported by International Media Support (IMS).
IMS works to strengthen the ability of Myanmar media to inform and
support the democratic transition process and national reconciliation efforts and
to improve the public's access to information. www.mediasupport.org.